မွန်ပြည်နယ်လွှတ်တော်

# မွန်ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ

(၂၀၁၂ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၁၀။)

## မွန်ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ
## (၂၀၁၂ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၁၀။)
## ၁၃၇၄ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်
## (၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်)

### နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈၊ ဇယား -၂၊ အပိုဒ် ၇ **လူမှုရေးကဏ္ဍ**၊ အပိုဒ်ခွဲ(ဃ) **" ကုန်တင်ကုန်ချလုပ်ငန်း"**ဟု ပြဋ္ဌာန်းထားရှိသည့် ပြဋ္ဌာန်းခွင့်ကို ကျင့်သုံး၍ မွန်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)
### အမည်၊ အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို မွန်ပြည်နယ် ကုန်တင်ကုန်ချလုပ်ငန်းဥပဒေဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်က လက်မှတ်ရေးထိုး ထုတ်ပြန်သည့်နေ့တွင် စတင်အာဏာတည်ရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်** ဆိုသည်မှာ မွန်ပြည်နယ်ကို ဆိုလိုသည်၊

(ခ) **ပြည်နယ်အစိုးရအဖွဲ့** ဆိုသည်မှာ မွန်ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်၊

(ဂ) **ဝန်ကြီးချုပ်** ဆိုသည်မှာ မွန်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်ကို ဆိုသည်၊

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ မွန်ပြည်နယ်အစိုးရအဖွဲ့ အလုပ်သမားရေးရာများကို တာဝန်ယူဆောင်ရွက်သည့် ဝန်ကြီးဌာနကို ဆိုသည်၊

(င) **ဝန်ကြီး** ဆိုသည်မှာ မွန်ပြည်နယ်အစိုးရအဖွဲ့ အလုပ်သမားရေးရာများကို တာဝန်ယူဆောင်ရွက်သည့် ဝန်ကြီးကို ဆိုသည်၊

(စ) **ကုန်တင်ကုန်ချလုပ်ငန်း** ဆိုသည်မှာ ပြည်နယ်အတွင်းရှိ အများပြည်သူ နှင့် သက်ဆိုင်သော လေဆိပ်၊ သင်္ဘောဆိပ်၊ မီးရထားဘူတာ၊ ကားဂိတ်၊ ယာဉ်ရပ်နားစခန်း၊ ဈေးများနှင့် လှေဆိပ်များတွင် ကုန်တင်ကုန်ချအလုပ်သမားများ၏ ကာယအားကို အသုံးပြုပြီး ကုန်ပစ္စည်းများကို အခကြေးငွေယူ၍ ကုန်တင်ကုန်ချခြင်း ဆောင်ရွက်သော ဝန်ဆောင်မှုလုပ်ငန်းကို ဆိုသည်၊

(ဆ) **ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီ** ဆိုသည်မှာ ဤဥပဒေ ပုဒ်မ ၅ အရ ဖွဲ့စည်းထားသော ကော်မတီကို ဆိုသည်၊

(ဇ) **မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီ** ဆိုသည်မှာ ဤဥပဒေ ပုဒ်မ ၆ အရ ဖွဲ့စည်းထားသော ကော်မတီကို ဆိုသည်၊

(ဈ) **မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီရုံး** ဆိုသည်မှာ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီ၏ ရုံးလုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် အလို့ငှာ ဖွဲ့စည်းဖွင့်လှစ်ထားသည့် ရုံးကို ဆိုသည်၊

(ည) **မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမား** ဆိုသည်မှာမြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ကော်မတီက ကုန်တင်ကုန်ချလုပ်ငန်းများ ဆောင်ရွက်ရန် သတ်မှတ်ချက်များနှင့်အညီ အသိအမှတ်ပြု မှတ်ပုံတင် ခွင့်ပြုထားသူကို ဆိုသည်။

(ဋ) **သက်သာချောင်ချိရေးရန်ပုံငွေ** ဆိုသည်မှာ မှတ်ပုံတင် ကုန်တင်ကုန်ချအလုပ်သမားများ၏ လူမှုဖူလုံရေးနှင့် ဘဝအာမခံချက်ရရှိရေးအတွက် အသုံးပြုနိုင်ရန် ၎င်းတို့၏ နေ့စဉ်လုပ်ခဝင်ငွေများထဲမှ သတ်မှတ်ထားသော ရာခိုင်နှုန်းဖြင့် စုဆောင်းထားသည့် ရန်ပုံငွေကို ဆိုသည်၊

(ဌ) **ကုန်တင်ကုန်ချလုပ်ငန်းခွင့်ပြုချက်** ဆိုသည်မှာ ကုန်တင်ကုန်ချလုပ်ငန်းများနှင့် ပတ်သက်၍ ဤဥပဒေအရ လုပ်ကိုင်ခွင့်ပြုသည့် ခွင့်ပြုချက်ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်ပြီး ကူးသန်းရောင်းဝယ်မှု တိုးတက်ရေး အထောက်အကူပြုရန်၊

(ခ) ကုန်တင်ကုန်ချအလုပ်သမားများ၏ လုပ်အားနှင့်ထိုက်တန်သော လုပ်ခအပြည့်အဝရရှိစေရန်၊

(ဂ) ကုန်တင်ကုန်ချအလုပ်သမားများ၏ လုပ်ငန်းခွင်သက်သာချောင်ချိရေးနှင့် လူမှုဘဝတည်ငြိမ်မှုများ ရရှိစေရန်၊

(ဃ) ကုန်တင်ကုန်ချလုပ်ငန်းခွင်တည်ငြိမ်ရေး၊ တိုးတက်ကောင်းမွန်စေရေးနှင့် ကုန်တင်ကုန်ချလုပ်ငန်းများ စနစ်တကျရှိစေရန်၊

(င) ကုန်တင်ကုန်ချအလုပ်သမားများ၏ လုပ်ငန်းခွင်စည်းကမ်းလိုက်နာမှု ကောင်းမွန်စေရန်။

## အခန်း (၃)
## ကုန်တင်ကုန်ချကော်မတီများဖွဲ့စည်းခြင်း

၄။ ပြည်နယ်အစိုးရအဖွဲ့သည် ကုန်တင်ကုန်ချလုပ်ငန်းများနှင့်ပတ်သက်ပြီး အောက်ပါကော်မတီများကို ဖွဲ့စည်းရမည် -

(က) ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီ၊

(ခ) မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီ၊

### ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီဖွဲ့စည်းခြင်း

၅။ ပြည်နယ်အစိုးရသည် မြို့နယ်အလိုက် ကုန်တင်ကုန်ချလုပ်ငန်း ဆောင်ရွက်မှုများကို ကြီးကြပ်ကွပ်ကဲရန်၊ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီများ၏ လုပ်ငန်းခွင်ကိစ္စရပ်များ နှင့်အုပ်ချုပ်မှု ဆိုင်ရာကိစ္စရပ်များကို ကြပ်မတ်ထိန်းသိမ်းရန် အလို့ငှာ ဝန်ကြီးချုပ်၏ အတည်ပြုချက်ဖြင့် ပြည်နယ် ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီကို အောက်ပါ အတိုင်းဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | ပြည်နယ်အစိုးရအဖွဲ့ အလုပ်သမားရေးရာတာဝန်ခံဝန်ကြီး | ဥက္ကဋ္ဌ |
| (ခ) | ပြည်နယ်အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဃ) | မွန်ပြည်နယ်ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနကိုယ်စားလှယ် | အဖွဲ့ဝင် |
| (င) | မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (စ) | မန်နေဂျာ၊ လူမှုဖူလုံရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဆ) | အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဇ) | မော်လမြိုင်မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီဥက္ကဋ္ဌ | အတွင်းရေးမှူး |

### မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီဖွဲ့စည်းခြင်း

၆။ (က) မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီများကို ကုန်တင်ကုန်ချအလုပ်သမားရေးရာကိစ္စရပ်များ၊ လုပ်ငန်းခွင် ကိစ္စရပ်များ၊ ငွေစာရင်းနှင့် ရန်ပုံငွေကိစ္စရပ်များ စသည်တို့ကို ဆောင်ရွက်ရန် ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ အတည်ပြုချက်ဖြင့် အောက်ပါ အတိုင်း ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီ၊ ဦးစီးအရာရှိ သို့မဟုတ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဦးစီးအရာရှိ | ဥက္ကဋ္ဌ |
| (၂) | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၃) | မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ကိုယ်စားလှယ် | အဖွဲ့ဝင် |

(၄) မြို့နယ်ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ဦးစီးမှူး အဖွဲ့ဝင်

(၅) မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှကိုယ်စားလှယ် အဖွဲ့ဝင်

(၆) မွန်ပြည်နယ်အတွင်းပုဂ္ဂလိကယာဉ်များစနစ်တကျပြေးဆွဲရေး ဥပဒေအရဖွဲ့စည်းသည့် မြို့နယ်ကော်မတီ သို့မဟုတ် ယာဉ်အမျိုးအစားအလိုက် ကော်မတီမှ ကိုယ်စားလှယ် အဖွဲ့ဝင်

(၇) မြန်မာ့မီးရထားပို့ဆောင်ရေးမှကိုယ်စားလှယ် အဖွဲ့ဝင်

(၈) ကုန်တင်ကုန်ချလုပ်ငန်း စောင့်ရှောက်ရေးမှူးများ အဖွဲ့ဝင်

(၉) ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးမှူး သို့မဟုတ် ဥက္ကဋ္ဌမှ တာဝန်ပေး အတွင်းရေးမှူး သော ကုန်တင်ကုန်ချလုပ်ငန်းစောင့်ရှောက်ရေးမှူး

(ခ) လုပ်ငန်းခွင်အလိုက် ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးဆောင်ရွက်နိုင်သည်။

(ဂ) မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီရုံး၊ ရုံးအဖွဲ့ကို ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ စာရင်းကိုင်နှင့် ကော်မတီခန့်ဝန်ထမ်းများဖြင့် ဖွဲ့စည်းနိုင်သည်။

## အခန်း (၄)
## ကုန်တင်ကုန်ချလုပ်ငန်းကော်မတီများ၏ လုပ်ငန်းတာဝန်များ

၇။ ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) မြို့နယ်အလိုက် ဆောင်ရွက်လျက်ရှိသော ကုန်တင်ကုန်ချလုပ်ငန်းများကို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ စည်းကမ်းချက်များနှင့်အညီ ဖြစ်စေရေးအတွက် ကြီးကြပ်ကွပ်ကဲခြင်း၊ စစ်ဆေးခြင်း၊ ညွှန်ကြားခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊

(ခ) မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီများနှင့် ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးအဖွဲ့၏ သက်သာချောင်ချိရေးရန်ပုံငွေနှင့် ငွေစာရင်းများအား လိုအပ်သလို စစ်ဆေးခြင်း၊

(ဂ) ဤဥပဒေအရ ထုတ်ပြန်ရမည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းချက်များကို ဝန်ကြီးမှတစ်ဆင့် ပြည်နယ်အစိုးရအဖွဲ့သို့တင်ပြခြင်း၊

(ဃ) မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီများက တင်ပြလာသော ကုန်တင်ကုန်ချလုပ်ငန်းလုပ်ကိုင်သူ အလုပ်သမားများ၏ မှတ်ပုံတင်အလုပ်သမားစာရင်းကို အတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊

(င) ကုန်တင်ကုန်ချလုပ်အားခများကို ဒေသန္တရကုန်ဈေးနှုန်းများနှင့်အညီ လိုက်လျောညီထွေရှိသည့် ကုန်တင်ကုန်ချလုပ်အားခများဖြစ်ရေးအတွက် ဒေသဆိုင်ရာအာဏာပိုင်များ၏ အတည်ပြုချက်ဖြင့် ညှိနှိုင်းသတ်မှတ် ဆောင်ရွက်ပေးခြင်း၊

(စ) မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီများနှင့် ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်များ ဖွဲ့စည်းတာဝန်ပေးခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း၊ ရပ်စဲခြင်း၊ နုတ်ထွက်ခြင်းများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအား ကြီးကြပ်ခြင်း၊ အတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊

(ဆ) မှတ်ပုံဝင်ကုန်တင်ကုန်ချအလုပ်သမားများအား လုပ်ငန်းခွင်ကြီးကြပ်နိုင်ရေးအတွက် အလုပ်သမားမှူး၊ အလုပ်သမားစုမှူး၊ ကြီးကြပ်ရေးမှူး၊ စောင့်ရှောက်ရေးမှူး၊ အလုပ်သမားကြီးကြပ်ရေး အဖွဲ့များကိုတာဝန်ပေးခြင်း၊ နုတ်ထွက်ခြင်း၊ ရပ်စဲခြင်းတို့နှင့် ပတ်သက်၍မြို့နယ်ကုန်တင် ကုန်ချလုပ်ငန်းကော်မတီ၏ တင်ပြချက်အပေါ် အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊

(ဇ) အလုပ်သမားအသစ် မှတ်ပုံဝင် အလုပ်သမားများ တိုးချဲ့ခြင်း၊ မှတ်ပုံဝင် ကုန်တင်ကုန်ချ အလုပ်သမား အင်အားလျှော့ခြင်း၊ ပြစ်မှုကျူးလွန်သော၊ စည်းကမ်းဖောက်ဖျက်သော မှတ်ပုံဝင် ကုန်တင်ကုန်ချအလုပ်သမားတို့ကို အရေးယူခြင်း၊ ထုတ်ပယ်ခြင်းကိစ္စရပ်များအား ကြီးကြပ်ခြင်း၊ အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊

(ဈ) ကုန်တင်ကုန်ချလုပ်ငန်းများ နေရာသတ်မှတ်ခြင်း၊ အလုပ်သမားများအား တာဝန်ပေးအပ်ခြင်း၊ အပြစ်ပေးအရေးယူခြင်း၊ ထုတ်ပယ်ခြင်းနှင့်စပ်လျဉ်း၍ လိုအပ်သော စည်းကမ်းချက်များ အတည်ပြု သတ်မှတ်ပေးခြင်း၊

(ည) ကုန်တင်ကုန်ချလုပ်ငန်းများတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် မတော်တဆ ထိခိုက်မှုမဖြစ်ပွားစေရေးတို့အတွက် ဆောင်ရွက်မှုများကို ကြီးကြပ်ခြင်း၊

(ဋ) ကုန်တင်ကုန်ချအလုပ်သမားများ၏ သက်သာချောင်ချိရေးလုပ်ငန်းများ၊ သက်သာချောင်ချိရေး ရန်ပုံငွေများ၊ စီမံခန့်ခွဲခြင်းတို့နှင့် စပ်လျဉ်း၍ ကြီးကြပ်ခြင်း၊ လိုအပ်လျှင် စစ်ဆေးခြင်း၊

(ဌ) ကုန်တင်ကုန်ချလုပ်ငန်းခွင် တည်ငြိမ်ရေးနှင့် လုပ်ငန်းခွင်စည်းကမ်းရှိရေးအတွက် စည်းကမ်း ချက်များ သတ်မှတ်ပေးခြင်း။

၈။ ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ ဆုံးဖြတ်ချက် သို့မဟုတ် ဆောင်ရွက်ချက်များကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းများ ပြုလုပ်နိုင်သည်။

၉။ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာအောက်ပါအတိုင်းဖြစ်သည်-

(က) မြို့နယ်အတွင်းရှိ ကုန်တင်ကုန်ချလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် မှတ်ပုံဝင်ကုန်တင်ကုန်ချ အလုပ်သမားများ သက်သာချောင်ချိရေးတို့အတွက် ဤဥပဒေအရ ထုတ်ပြန်ထားသည့် အမိန့် နှင့်ညွှန်ကြားချက်များ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ခ) မြို့နယ်အတွင်းရှိ ကုန်တင်ကုန်ချလုပ်ငန်းများတွင် မှတ်ပုံဝင်ကုန်တင်ကုန်ချအလုပ်သမားအဖြစ် လုပ်ကိုင်လိုသူများရှိပါက စနစ်တကျရွေးချယ်၍ မှတ်ပုံတင်ခွင့်ရရှိရေးအတွက် ဆောင်ရွက် ပေးခြင်းနှင့် ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီသို့ တင်ပြခြင်း၊

(ဂ) လိုအပ်သည့် အနည်းဆုံးမှတ်ပုံဝင်ကုန်တင်ကုန်ချအလုပ်သမားအင်အားနှင့် အများဆုံး မှတ်ပုံဝင်ကုန်တင်ကုန်ချအလုပ်သမားအင်အား သတ်မှတ်ခြင်း၊

(ဃ) ကရုဏာကြေးနှင့်အခြားခံစားခွင့်သတ်မှတ်ချက်များကို ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီသို့ တင်ပြဆောင်ရွက်ခြင်း၊

(င) မှတ်ပုံဝင်ကုန်တင်ကုန်ချအလုပ်သမားများအတွက် ဒေသန္တရကုန်စျေးနှုန်းများနှင့် လိုက်လျော ညီထွေရှိသည့် ကုန်တင်ကုန်ချလုပ်ခများသတ်မှတ် ဆောင်ရွက်ရန် လိုအပ်ပါက မြို့နယ်အထွေ ထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြ၍ ဆက်စပ်ပတ်သက်သည့် ကုန်သည်များ၊ လုပ်ငန်းရှင် များနှင့် ညှိနှိုင်းခြင်း၊ သတ်မှတ်ခြင်းကို ဆောင်ရွက်ခြင်း၊

(စ) မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီအောက်ရှိ လုပ်ငန်းဌာနခွဲများအလိုက် ကုန်တင်ကုန်ချ အလုပ်သမားကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(ဆ) လုပ်ငန်းလိုအပ်ချက်အရ ယာယီ(ပျံကျ)အလုပ်သမားများ ပါဝင်လုပ်ကိုင်ဆောင်ရွက်မှုကို သတ်မှတ်ခွင့်ပြုခြင်း၊

(ဇ) ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီမှ အခါအားလျော်စွာ ညွှန်ကြားသော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## **အခန်း (၅)**
## **ကုန်တင်ကုန်ချလုပ်ငန်းခွင့်ပြုဆောင်ရွက်ခြင်း**

၁၀။ ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီသည် မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီမှ တင်ပြခွင့်ပြုချက် တောင်းခံလာသော ကုန်တင်ကုန်ချလုပ်ငန်းနေရာများအား အတည်ပြုနိုင်သည်။

၁၁။ ကုန်တင်ကုန်ချလုပ်ငန်းနေရာများကို ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီသည် ပြည်နယ် အစိုးရအဖွဲ့သို့ တင်ပြအတည်ပြုနိုင်သည်။

၁၂။ အောက်ဖော်ပြပါ လုပ်ငန်းတစ်ရပ်ရပ်အတွက် ကုန်တင်ကုန်ချအလုပ်သမား (၁၀)ဦးနှင့် အထက် ရှိပြီး တစ်နှစ်အတွင်း အလုပ်လုပ်ချိန်ကာလ (၄)လရှိသည့် ကုန်တင်ကုန်ချလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လျက် ရှိသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းနှင့် စတင်လုပ်ကိုင်လိုသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ် သည် မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းလုပ်ကိုင်ခွင့်ကို မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီသို့ တင်ပြရမည်-

(က) ကားကြီးရပ်ကွင်းများ၊ စျေးများ၊ ပွဲရုံများ၊ သင်္ဘောဆိပ်၊ လေဆိပ်၊ ကားဂိတ်၊ စက်လှေဆိပ်၊ ဘူတာရုံစသည့် အများပြည်သူသွားလာရေးဆိုင်ရာနေရာဌာနများရှိ ပုဂ္ဂလိကအဖွဲ့အစည်းများ က ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် ကုန်တင်ကုန်ချလုပ်ငန်းများကို လုပ်ကိုင်သူများ၊

(ခ) စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေးအဖွဲ့က ကြီးကြပ်လျက်ရှိသော စျေးများ၊ လေလံရကူးတို့ဆိပ်များ၊ သင်္ဘောဆိပ်ကမ်းများတွင် ကုန်တင်ကုန်ချလုပ်ငန်းလုပ်ကိုင် သူများ၊

(ဂ) အစိုးရဌာနမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များက တာဝန်ယူဆောင်ရွက်လျက်ရှိသော ကုန်တင်ကုန်ချဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်သူများ၊

(ဃ) နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများတွင် ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်သူများ။

၁၃။ ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီသည် မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီမှ တင်ပြသော လုပ်ကိုင်ခွင့်ကို စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၄။ ကုန်တင်ကုန်ချလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုချက်ရရှိသည့် လုပ်ငန်းတစ်ရပ်ရပ်သည် သက်ဆိုင်ရာမြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်။

## အခန်း (၆)
## ဖျက်သိမ်းခြင်း

၁၅။ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီသည် လုံလောက်သောအကြောင်းတစ်ရပ်ရပ်ကြောင့် ကုန်တင်ကုန်ချလုပ်ငန်းများ ခွင့်ပြုထားသည့်လုပ်ငန်းခွင့်ပြုချက်ကို ဖျက်သိမ်းရမည့် အခြေအနေမျိုးကြုံတွေ့ပါက အခြေအနေကို အကျိုးအကြောင်းပြည့်စုံစွာ ဖော်ပြလျက်ဖျက်သိမ်းခွင့်ပြုရန် ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီသို့ တင်ပြရမည်။

၁၆။ ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီသည် လိုအပ်ပါက ကွင်းဆင်းစစ်ဆေးပြီး မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီ၊ ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးအဖွဲ့ကို ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြပြီး ဖျက်သိမ်းနိုင်သည်။

၁၇။ ပုဒ်မ ၁၆ အရ ဖျက်သိမ်းခွင့်ရရှိသော မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီ၊ ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးအဖွဲ့သည် မိမိပိုင် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့် သက်သာချောင်ချိရေးရန်ပုံငွေတို့ကို သတ်မှတ်ချက်များနှင့်အညီ စာရင်းရှင်းဖျက်သိမ်းရမည်။

၁၈။ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီ၊ ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးအဖွဲ့သည် စာရင်းရှင်းလင်းဖျက်သိမ်းပြီးပါက ယင်းသို့ ပြီးစီးကြောင်းကို စာရင်းရှင်းတမ်းအပြည့်အစုံနှင့်တကွ ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီသို့ အစီရင်ခံတင်ပြရမည်။

၁၉။ ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီသည် ဖျက်သိမ်းသည့် မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီ၊ ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးအဖွဲ့၏ စာရင်းရှင်းလင်းဖျက်သိမ်းပြီးစီးမှုအား ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြရမည်။

## အခန်း(၇)
## သက်သာချောင်ချိရေးရန်ပုံငွေ ထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း

၂၀။ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီ၊ ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးအဖွဲ့သည် မှတ်ပုံဝင်ကုန်တင်ကုန်ချ အလုပ်သမားများ၏ လူမှုရေး၊ သက်သာချောင်ချိရေးအတွက် ရန်ပုံငွေ တစ်ရပ်ကို သတ်မှတ်ချက်များနှင့်အညီ ထူထောင်ထားရှိရေး ဆောင်ရွက်ရမည်။

၂၁။ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီသည် ရန်ပုံငွေထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ ကရုဏာကြေးနှုန်းများ သတ်မှတ်ခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၂၂။ မြို့နယ်ကုန်တင်ကုန်ကျလုပ်ငန်းကော်မတီ၏ ငွေစာရင်းများစစ်ဆေးခြင်းကို နှစ်စဉ်ဆောင်ရွက် ရမည်။ အခါအားလျော်စွာ ပြည်နယ်အစိုးရအဖွဲ့၏ တာဝန်ပေးချက်ဖြင့် ပြည်နယ်စာရင်းစစ်ချုပ်၊ လက်အောက် စာရင်းစစ်များ၏ စစ်ဆေးခြင်းကို ခံယူရမည်။

## အခန်း (၈)
## လုပ်သားအင်အားဖွဲ့စည်းခြင်းနှင့်ကြီးကြပ်ကွပ်ကဲခြင်း

၂၃။ သက်ဆိုင်ရာမြို့နယ်အတွင်းရှိ ကုန်တင်ကုန်ချလုပ်ငန်းပမာဏနှင့် လုပ်ငန်းလုပ်ကွက်များကို အခြေခံ၍ အတင်အချလုပ်ငန်းများကို နိုင်နင်းစွာဆောင်ရွက်နိုင်ရန်၊ လုပ်သားများ၏လုပ်အားကို မျှတစေရန်၊ အလုပ်သမား တစ်ဦးစီ၏ လုပ်ခဝင်ငွေများလျော့နည်းကျဆင်းမှုမရှိစေရန် မြို့နယ်အလိုက် ရှိသင့်သည့် အနည်းဆုံး လုပ်သား အင်အားနှင့် အများဆုံးလုပ်သားအင်အား သတ်မှတ်ချက်များကို မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီသည် ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီသို့ တင်ပြဆောင်ရွက်ရမည်။

၂၄။ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီသည် မိမိမြို့နယ်၏ အနည်းဆုံးလုပ်သားအင်အားနှင့် အများဆုံးလုပ်သားအင်အား သတ်မှတ်ချက်များမှာ လုပ်ငန်းအခြေအနေနှင့် လိုက်လျောညီထွေစေရေးအတွက် (၁)နှစ်လျှင်တစ်ကြိမ် စိစစ်သုံးသပ်၍ ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီသို့ တင်ပြရမည်။ အင်အား သတ်မှတ်ချက်ပြောင်းလဲရန် လိုအပ်ပါက အကျိုးအကြောင်းခိုင်လုံစွာဖြင့် မြို့နယ်ကုန်တင်ကုန်ချ လုပ်ငန်းကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီသို့ တင်ပြ၍ ပြင်ဆင် အတည်ပြုချက် ရယူရမည်။

## အခန်း(၉)
## လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး

၂၅။ လုပ်သားများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကုန်တင်ကုန်ချလုပ်ငန်းများ ဆောင်ရွက်ရာတွင် အလုပ်သမားတစ်ဦး၏ အင်အားကိုမထိခိုက်စေရန် အောက်ဖော်ပြပါ အလေးချိန်များအတိုင်း ဆောင်ရွက်စေရမည်-

(က) ပေါင်အလေးချိန်ဖြင့် တွက်ချက်ထားသော ကုန်ပစ္စည်းဖြစ်ပါက (၁၂၀)ပေါင်အထက် မကျော်လွန်စေရ၊

(ခ) ပိဿာအလေးချိန်ဖြင့် တွက်ချက်သောကုန်ပစ္စည်းဖြစ်ပါက (၃၃. ၆) ပိဿာထက် မကျော်လွန်စေရ၊

(ဂ) ကီလိုအလေးချိန်ဖြင့် တွက်ချက်သော ကုန်ပစ္စည်းဖြစ်ပါက (၅၅)ကီလိုထက် မကျော်လွန်စေရ။

၂၆။ အထက်ဖော်ပြပါ အလေးချိန်များထက်ကျော်လွန်သော ကုန်ပစ္စည်းများဆောင်ရွက်ပါက အလုပ်သမားများ ဝန်မပိစေရေးအတွက် ကုန်ပစ္စည်း၏ အလေးချိန်၊ အရွယ်ပမာဏကို သုံးသပ်၍ အလုပ်သမား နှစ်ဦး (သို့မဟုတ်) လိုအပ်သည့် အလုပ်သမားဦးရေဖြင့် ထမ်းပိုးဆောင်ရွက်စေရမည်။

၂၇။ စက်ပစ္စည်းများ၊ ပေကျုံကုန်ပစ္စည်းများ၊ မီးလောင်ပေါက်ကွဲလွယ်သော ကုန်ပစ္စည်းများအား အတင် အချလုပ်ငန်းများ ဆောင်ရွက်ပါက စနစ်တကျကြီးကြပ်ဆောင်ရွက်ရမည်။

## အခန်း(၁၀)
## လုပ်ခနှုန်းထားများသတ်မှတ်ခြင်း

၂၈။ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီများမှ သတ်မှတ်ဆောင်ရွက်လျက်ရှိသော လုပ်ခနှုန်းထားများ သည် ဤဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (င) အရ အတည်ပြုထားသော လုပ်ခနှုန်းထားများ ဖြစ်ရမည်။

၂၉။ သတ်မှတ်အတည်ပြုထားသော လုပ်ခနှုန်းထားများသည် ဒေသန္တရကာလနှင့် လျော်ညီစေရန် ပြင်ဆင်သတ်မှတ်ရန် လိုအပ်ပါက ပြင်ဆင်သတ်မှတ်နိုင်သည်။

၃၀။ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီများသည် ပုဒ်မ ၂၉ အရ ပြင်ဆင်သတ်မှတ်သည့် လုပ်ခနှုန်းထားများကို ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီသို့ တင်ပြရမည်။

## အခန်း(၁၁)
## အလုပ်သမားသက်သာချောင်ချိရေးလုပ်ငန်းများနှင့်
## လုပ်ငန်းခွင်သာယာရေးဆောင်ရွက်ခြင်း

၃၁။ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီရှိကော်မတီခန့်လခစား/ဝေစုစားဝန်ထမ်းနှင့် အလုပ်သမားများ၏ သက်သာချောင်ချိရေး အကျိုးခံစားခွင့်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ငွေလက်ငင်းအကျိုးခံစားခွင့်တွင် မကျန်းမာမှုဆိုင်ရာခံစားခွင့်၊ အလုပ်ခွင်ထိခိုက်ခံစားခွင့်၊ သက်ကြီးရွယ်အိုခံစားခွင့်၊ မသန်စွမ်းမှုဆိုင်ရာခံစားခွင့်၊ အလုပ်မှနုတ်ထွက်မှုဆိုင်ရာခံစားခွင့်၊ သေဆုံးမှုဆိုင်ရာခံစားခွင့်၊ မီးဖွားမှုဆိုင်ရာခံစားခွင့်၊ ပညာရေးဆိုင်ရာခံစားခွင့်များကို ခံစားစေရမည်။ လူမှုဖူလုံရေးဥပဒေအရ အကျုံးဝင်သောမြို့နယ်ဖြစ်ပါက ထိုအလုပ်သမားသည် လူမှုဖူလုံရေးဥပဒေအရ အကျိုးခံစားခွင့်ရှိစေရမည်။ လူမှုဖူလုံရေးဥပဒေအရ အကျုံးဝင်သော အလုပ်သမားဖြစ်ပါက မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီ၏ သတ်မှတ်ချက်နှင့်အညီ ခံစားခွင့်ရှိစေရမည်။

(ခ) လုပ်ငန်းခွင်အတွင်း သက်သာချောင်ချိရေးခံစားခွင့် ရရှိစေရန် လိုအပ်သောလုပ်ငန်းခွင်သုံး ကိရိယာများကို လုံလောက်စွာစီစဉ်ထားရှိပြီး သန့်ရှင်းစင်ကြယ်သော သောက်သုံးရေများ လုံလောက်စွာထားရှိခြင်း၊ ရှေးဦးသူနာပြုသေတ္တာနှင့် လိုအပ်သောဆေးဝါးများ စီစဉ်ထားရှိခြင်း၊ တူညီဝတ်စုံများထုတ်ပေးခြင်းများကို ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီသို့ တင်ပြ၍ ဆောင်ရွက်ရမည်။

(ဂ) လုပ်ငန်းခွင်ပြင်ပသက်သာချောင်ချိရေးခံစားခွင့်များ ရရှိစေရန် လုပ်သားများ အားလပ်ချိန်တွင် နားနေနိုင်ရန် အလုပ်သမားရိပ်သာများ ဆောက်လုပ်ပေးခြင်း၊ ရေချိုးခန်းများ လုံလောက်စွာ စီစဉ်ပေးခြင်း၊ ဗဟုသုတတိုးပွားစေရန် စာကြည့်တိုက်/စာဖတ်ခန်း စသည်များ စီစဉ်ထားရှိခြင်းတို့ကို ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီသို့ တင်ပြဆောင်ရွက်နိုင်သည်။

## အခန်း (၁၂)
## လုပ်ငန်းခွင်စည်းကမ်းများသတ်မှတ်ခြင်းနှင့် အရေးယူခြင်း

၃၂။ မိမိမြို့နယ်၏ကုန်တင်ကုန်ချလုပ်ငန်းသဘာဝအရ လုပ်ငန်းအခြေအနေနှင့် ကိုက်ညီသော အလုပ်သမား ဂိုဏ်းချချိန်နှင့် ဂိုဏ်းသိမ်းချိန်များကိုမြို့နယ်ကုန်တင်ကုန်ချ လုပ်ငန်းကော်မတီ၏ ဆုံးဖြတ်ချက်များဖြင့် သတ်မှတ်ထားရှိရမည်။

၃၃။ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီများသည် လုပ်သားများ လုပ်ငန်းခွင် စည်းကမ်းတကျရှိစေရန် အလုပ်မဆင်းနိုင်သည့် လုပ်သားများအတွက် ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း ခွင့်ခံစားနိုင်ခွင့်ရက်များကို သတ်မှတ်ပေးရမည်။

၃၄။ ကုန်တင်ကုန်ချလုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း တာဝန်ပျက်ကွက်ခြင်း၊ ကုန်ပစ္စည်းပျက်စီးဆုံးရှုံးခြင်း၊ ကုန်ပစ္စည်းခိုးယူခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ မူးယစ်သောက်စားခြင်း၊ လောင်းကစားပြုလုပ်ခြင်း၊ လူစားထိုးခိုင်းစေခြင်း၊ ကိုယ်ကျိုးရှာမှုနှင့် အလွဲသုံးစားမှုများ မဖြစ်ပွားစေရေးနှင့် အရေးယူဆောင်ရွက်မှုများပြုလုပ်နိုင်ရန် မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီသည် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း(၁၃)
## ရုံးများဖွဲ့စည်းခြင်း

၃၅။ ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီ ရုံးလုပ်ငန်းကို ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီအတွင်းရေးမှူးမှ တာဝန်ယူဆောင်ရွက်ရမည်။

၃၆။ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီရုံးကို မြို့နယ်အလိုက် ဖွဲ့စည်းထားရှိပြီး မြို့နယ်ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့က ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ပေးရမည်။

၃၇။ ကော်မတီများတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန ဝန်ထမ်းများအပြင် ကော်မတီခန့်ဝန်ထမ်းများ၊ ဝေစုစားဝန်ထမ်းများ ခန့်ထားပိုင်ခွင့်ရှိသည်။

၃၈။ ကော်မတီခန့်ဝန်ထမ်းများ၊ ဝေစုစားဝန်ထမ်းများကို မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီက ခန့်ထားနိုင်သည်။ ၎င်းတို့၏ လခ၊ လုပ်အားခကို မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီမှ သတ်မှတ်ပေးရမည်။

## အခန်း(၁၄)
## ပြစ်ဒဏ်များ

၃၉။ အောက်ဖော်ပြပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၃ လထက် မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၃၀၀၀၀၀/- (ကျပ်သုံးသိန်း)ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ ချမှတ်ခြင်းခံရမည်-

(က) ပုဒ်မ ၁၂ နှင့် ပုဒ်မ ၁၄ အရ ခွင့်ပြုချက်ရယူရန် လိုအပ်သော ကုန်တင်ကုန်ချလုပ်ငန်းကို ခွင့်ပြုချက်မရှိဘဲ လုပ်ကိုင်ခြင်း၊

(ခ) ကုန်တင်ကုန်ချလုပ်ငန်း ခွင့်ပြုချက်နှင့်စပ်လျဉ်းသည့် စည်းကမ်းချက်တစ်ခုခုကို ချိုးဖောက်ခြင်း၊

(ဂ) ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီ၊ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီ တစ်ဦးဦးက ကုန်တင်ကုန်ချလုပ်ငန်း နှင့်စပ်လျဉ်း၍တာဝန်အရ စုံစမ်းစစ်ဆေးမှုများကို တားဆီးခြင်း သို့မဟုတ် ဟန့်တား နှောင့်ယှက်ခြင်း သို့မဟုတ် အနိုင်အထက်ပြုခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း။

## အခန်း(၁၅)
## အထွေထွေ

၄၀။ ဤဥပဒေပုဒ်မ ၃၉ ပါ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်ရာတွင် ပြည်နယ် ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၄၁။ ဤဥပဒေပုဒ်မ ၃၉ အရ အရေးယူသော ပြစ်မှုကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၄၂။ လက်ရှိဆောင်ရွက်လျက်ရှိသော မြို့နယ်ပြည်တွင်းကုန်တင်ကုန်ချကော်မတီနှင့် မြို့နယ်ပြည်တွင်း ကုန်တင်ကုန်ချကော်မတီရုံးများသည် ဤဥပဒေအရ ဖွဲ့စည်းထားသည့် ကော်မတီများထံ လုပ်ငန်းနှင့်လုပ်ပိုင်ခွင့် အရပ်ရပ်ကို ပြည်နယ်အစိုးရအဖွဲ့က တာဝန်ပေးအပ်ထားသည့် အဖွဲ့အစည်းတစ်ခု၏ ကြီးကြပ်မှုဖြင့် လွှဲပြောင်းပေးအပ်ရမည်။

၄၃။ ဤဥပဒေပါပြဋ္ဌာန်းချက်များသည် ပြည်ထောင်စုကပြဋ္ဌာန်းဆောင်ရွက်လျက်ရှိသော ဥပဒေ၊ နည်းဥပဒေများနှင့် မဆန့်ကျင်သမျှအတည်ဖြစ်သည်။

၄၄။ ပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေအရ လိုအပ်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းချက်များ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန် နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)အုန်းမြင့်
ဝန်ကြီးချုပ်
ပြည်နယ်အစိုးရအဖွဲ့